# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 7, 2022 Volume 50, Number 4


| ၇.၁.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၉၁ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၂၃၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၅၀ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၁၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၀၇.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၀၇.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၀.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၈.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၉၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၂.၄၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၂.၇၇၅ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ဆန်တင်ပို့ရောင်းချမှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပပြုလုပ်ခြင်း




မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ G to G အစီအစဉ်ဖြင့် ဆန်တင်ပို့ရောင်းချနိုင်ရေးအတွက် မြန်မာနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် သီရိ လင်္ကာနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနတို့အကြား နှစ်နိုင်ငံသဘောတူစာချုပ် (Bilateral Agreement) လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်၊ သောကြာနေ့၊ နေ့လည် (၂:၃၀) နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ သီရိလင်္ကာနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းတက်ရောက်၍ အမှာစကားပြောကြားခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် သီရိလင်္ကာ ဆိုရှယ်လစ်ဒီမိုကရက်တစ်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် အစိုးရများအကြား G to G စနစ်ဖြင့် လယ်ယာထွက်ကုန်ကဏ္ဍမှ ဆန်အပါအဝင် အခြားကုန်စည်များ တိုးမြှင့်ရောင်းချသွားနိုင်ရေး ကနဦးဆောင်ရွက်ချက်အဖြစ် ချုပ်ဆိုခြင်းဖြစ်ပြီး အဆိုပါ မြန်မာ-သီရိလင်္ကာ ဆန်တင်ပို့ရောင်းချမှုဆိုင်ရာ နှစ်နိုင်ငံသဘောတူစာချုပ်အား မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့်သီရိလင်္ကာနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၊ တွဲဘက်အတွင်းဝန်တို့က လက်မှတ်ရေးထိုးခဲ့ပါသည်။

လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘက်မှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ သီရိလင်္ကာနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး၊ အဆင့်မြင့်အရာထမ်းများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ဥက္ကဋ္ဌ

နှင့် အဖွဲ့ဝင်များအပါအဝင် (၃၄) ဦးနှင့် သီရိလင်္ကာနိုင်ငံဘက်မှ ကုန်သွယ်ရေးဝန်ကြီးဌာန၊ ဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ် (၇) ဦး တက်ရောက်ခဲ့ပါသည်။

အဆိုပါ သဘောတူစာချုပ်အရ ဆန်ရောင်းဝယ်မှုကို မြန်မာနိုင်ငံနိုင်ငံဘက်မှ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သီရိလင်္ကာနိုင်ငံဘက်မှ Sri Lanka State Trading (General) Corporation တို့မှ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံဘက်မှ နှစ်စဉ်ဆန်ဖြူတန်ချိန် (၁၀၀,၀၀၀) နှင့် ပေါင်းဆန်တန်ချိန် (၅၀,၀၀၀) တို့ကို သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း တင်ပို့သွားမည်ဖြစ်ပါသည်။

**Source: စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

## ကုန်ကြမ်းဈေးနှုန်းများ ကျဆင်းမှုကြောင့် တရုတ်နိုင်ငံစက်မှုလုပ်ငန်းများ အမြတ်ငွေတိုးတက်မှုကျဆင်း



ကုန်ကြမ်းဈေးနှုန်းများကျဆင်းခြင်း၊ အိမ်ခြံမြေဈေးကွက်ကျဆင်းခြင်းနှင့် စားသုံးသူများ၏ ဝယ်လိုအား အားနည်းခြင်းတို့ကြောင့် တရုတ်စက်မှု လုပ်ငန်းများ၏ အမြတ်အစွန်းများသည် နိုဝင်ဘာလတွင် လျော့နည်းလာကြောင်း စာရင်းအင်းဗျူရိုက ဒီဇင်ဘာ ၂၇ရက်တွင် ပြောကြားခဲ့သည်။

အမြတ်ငွေသည် နိုဝင်ဘာလတွင် နှစ်အလိုက်နှိုင်းယှဉ်ပါက ယွမ်ငွေ ၈၀၅ ဒသမ ၉၆ ဘီလီယံ (အမေရိကန် ဒေါ်လာ ၁၂၆ ဒသမ ၅၄ ဘီလီယံ) ဖြစ်သော ၉ ဒသမ ၀ ရာခိုင်နှုန်းတိုးလာပြီး အောက်တိုဘာလတွင်မူ ၂၄ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့သည်။

ဇန်နဝါရီမှ နိုဝင်ဘာလအတွင်း စက်မှုလုပ်ငန်းများ၏ အမြတ်ငွေသည် နှစ်အလိုက်တိုးတက်မှုတွင် ၃၈ ဒသမ ၀ ရာခိုင်နှုန်း ဖြစ်သော ယွမ် ၇ ဒသမ ၉၈ ထရီလီယံတိုးလာပြီး ၂၀၂၁ ခုနှစ် ပထမ ၁၀ လတွင် ၄၂ ဒသမ ၂ ရာခိုင်နှုန်းထက် နှေးကွေးခဲ့ကြောင်း စာရင်းအင်းဗျူရိုက ထုတ်ပြန်သည်။ နိုဝင်ဘာလတွင် လက်ကားဈေးနှုန်းများမြင့်မားလာမှုကို တည်ငြိမ်စေရေးအတွက် နိုင်ငံတော်ကကြိုးပမ်းမှုများကြောင့် ကုန်ချောထုတ်လုပ်သည့် စက်မှုလုပ်ငန်းများအတွက် ကုန်ကျစရိတ်ဖိအားများကို ဖြစ်ပေါ်စေသော်လည်း ကန့်သတ်တားမြစ်ချက်များကြောင့် သတ္တုတွင်းနှင့်ကုန်ကြမ်းကဏ္ဍများမှ စုစုပေါင်းအမြတ်အစွန်းတိုးတက်မှုကို အားနည်းသွားစေသည်ဟု NBS မှ အကြီးတန်းစာရင်းအင်းပညာရှင် ကျူဟုန်ကပြောကြားသည်။ "ကုမ္ပဏီတွေက ကြီးမားတဲ့ ကုန်ကျစရိတ်ဖိအားတွေနဲ့ ရင်ဆိုင်နေရဆဲဖြစ်ပြီး ကုန်ချောကဏ္ဍအတွက် အမြတ်အစွန်းတွေတိုးတက်ဖို့ လိုအပ်နေပါတယ်" ဟု ကျူက အချက်အလက်ထုတ်ပြန်ချက်နှင့်အတူ ထုတ်ပြန်ချက်တွင်ပြောကြားခဲ့သည်။

ကုန်ကျစရိတ်များ တဟုန်ထိုးမြင့်တက်လာသောကြောင့် စီးပွားရေးထိခိုက်မှုများကိုလျှော့ချရန် တရုတ်ကလုပ်ဆောင်နေပြီး အစိုးရက ကုန်ပစ္စည်းဈေးနှုန်းများကို ထိန်းချုပ်ခြင်းနှင့်လျှပ်စစ်ဓာတ်အားအကျပ်အတည်းကို ဖြေရှင်းပေးခြင်းကြောင့် တရုတ်သံနှင့်သံမဏိစက်ရုံများ၏ စက်ရုံထုတ်ဈေးနှုန်းများသည် နိုဝင်ဘာလတွင် အနည်းငယ်ကျဆင်းသွားခဲ့သည်။

၂၀၂၀ ပြည့်နှစ် ကပ်ရောဂါဘေးမှ ပြန်လည်နာလန်ထလာပြီးနောက် တိုးတက်မှုအရှိန်ကျဆင်းသွားခဲ့ရသည့် ကမ္ဘာ့ဒုတိယ အကြီးဆုံးစီးပွားရေးဖြစ်သော တရုတ်တွင် ဆောက်လုပ်ရေးကဏ္ဍကျဆင်းလာခြင်း၊ ထောက်ပံ့မှုဆိုင်ရာ အကျပ်အတည်းများနှင့် တင်းကျပ်သော ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် စားသုံးသူသုံးစွဲမှုကို ထိခိုက်လာစေသဖြင့် စိန်ခေါ်မှုများစွာကို ရင်ဆိုင်နေရသည်။

**Source:** https://mizzimaburmese.com/article/95724

## ဗီယက်နမ်နိုင်ငံက တရုတ်နိုင်ငံအပြင် အခြားပို့ကုန်ဈေးကွက်များကို တိုးချဲ့ချိတ်ဆက်ရန်စီစဉ်နေ



တရုတ်၏ တစ်ဖက်သတ် တင်းကျပ်သော ကိုဗစ်-၁၉ ကာကွယ်ရေး အစီအမံများကြောင့် စီးပွားရေးထိခိုက်နစ်နာရသည့် ဗီယက်နမ်အနေဖြင့် ပို့ကုန်ဈေးကွက်တိုးချဲ့ရန် ပြင်ဆင်လုပ်ဆောင်လျက်ရှိသည်။

တရုတ်၏ တစ်ဖက်သတ်ဆောင်ရွက်မှုကြောင့် ကုန်တင်ကားများ နယ်စပ်ဖြတ်ကျော်ခွင့်မရပါက စီးပွားရေးလုပ်ငန်းများ ဗီယက်နမ်ငွေဒေါင်ပေါင်း ထရီလီယံနှင့်ချီ၍ ဆုံးရှုံးနိုင်သဖြင့် ဗီယက်နမ်က ပို့ကုန်ဈေးကွက်ကို တိုးချဲ့ရေးကို လုပ်ဆောင်နေကြောင်း Voice of Vietnam တွင် ရေးသားထားသည်။

ဗီယက်နမ် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဈေးကွက်နှင့်ဈေးနှုန်းသတ်မှတ်ရေးအင်စတီကျူ့၏ ဒါရိုက်တာဖြစ်သူ တွဲဘက်ပါမောက္ခ ဒေါက်တာ ငိုထရီလုံက ဗီယက်နမ်စီးပွားရေးလုပ်ငန်းများသည် ကမ္ဘာ့တန်ဖိုးကွင်းဆက်တွင်ပါဝင်ပြီး တရုတ်မှလွဲ၍ အခြားစီးပွားရေးများနှင့် ချိတ်ဆက်မှုအားကောင်းစေ၍ ပို့ကုန်ဈေးကွက်ချဲ့ထွင်ရန်မှလွဲ၍ အခြားနည်းလမ်းမရှိကြောင်း ပြောကြားခဲ့သည်။

တရုတ်၏ တင်းကျပ်သော ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး အစီအမံများကြောင့် မြောက်ပိုင်းနယ်စပ်ဂိတ်များတွင် ကုန်တင်ကား ထောင်နှင့်ချီသောင်တင်နေသဖြင့် စီးပွားရေးလုပ်ငန်းများသည် ဈေးကွက်တစ်ခုတည်းကို အားကိုးမည့်အစား ပို့ကုန်ဈေးကွက် အမျိုးမျိုးကွဲပြားစေရန် ကျွမ်းကျင်သူများက အကြံပြုထားသည်။ ထို့ပြင် တရုတ်က ပိုမိုပြင်းထန်သော ကိုဗစ်-၁၉ ဘေးကင်းရေးအစီအမံများကို ထုတ်ပြန်ပြီးနောက် သစ်သီးဝလံနှင့် အီလက်ထရွန်းနစ်ပစ္စည်းများ တင်ဆောင်သည့် ကွန်တိန်နာကားအစီးရေ ၄၀၀၀ ကျော်သည် မြောက်ပိုင်းနယ်စပ်ဂိတ်များတွင် ပိတ်မိနေကြောင်း ဗီယက်နမ်စက်မှုနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

မြောက်ပိုင်းအိမ်နီးချင်းတရုတ်ထံမှ စည်းမျဉ်းအသစ်များနှင့်ပတ်သက်သည့် နောက်ဆုံးရသတင်းအချက်အလက်များကို ပေးရာတွင် ဒေသတွင်းစီးပွားရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်မှုမရှိသည့်အတွက်ကြောင့်လည်းဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ကြသည်။ ထို့ပြင် တရုတ်သို့တင်ပို့သော ပြည်တွင်းလယ်ယာထွက်ကုန်များသည် တရားဝင်မဟုတ်သော လမ်းကြောင်းများပေါ်တွင် များစွာမှီခိုနေရဆဲဖြစ်ပြီး ပြည်တွင်းကုမ္ပဏီများသည် နှစ်ရှည်စာချုပ်များချုပ်ဆိုကာ တရုတ်သွင်း ကုန်လုပ်ငန်းရှင်များနှင့် တန်ဖိုးကွင်းဆက်များ ချိတ်ဆက်မှု တိုးမြှင့်လုပ်ဆောင်သွားသင့်ကြောင်း ဗီယက်နမ်စီးပွားရေးပညာရှင် လီဒန်ဒိုက ဆိုသည်။

ထို့ပြင် ဗီယက်နမ်က ၎င်း၏ဈေးကွက်ကို တရုတ်နှင့်မဟုတ်ဘဲ အခြားနိုင်ငံများသို့ တိုးချဲ့ရန်ကြိုးပမ်းရာတွင် ထုတ်လုပ်မှုကို အစိုးရဌာနများက တင်းကျပ်စွာစောင့်ကြည့်ပြီး စီးပွားရေးလုပ်ငန်းများကို အမျိုးမျိုးသောဈေးကွက်များသို့ တက်ကြွစွာ ချိတ်ဆက်နိုင်ရန် ကူညီပေးခြင်းမရှိသေးကြောင်း Voice of Vietnam က ဖော်ပြခဲ့သည်။

**Source:** https://mizzimaburmese.com/article/95719

## ၂၀၂၁ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံအတွင်းသို့ စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၂ ဒသမ ၈ ဘီလျံကျော် ဝင်ရောက်ရာတွင် စင်ကာပူနိုင်ငံက ဒေါ်လာ ၂၄ ဒသမ ၄ ဘီလျံကျော်ဖြင့် အများဆုံးဖြစ်

၂၀၂၁ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံအတွင်းသို့ စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၂ ဒသမ ၈ ဘီလျံကျော် ဝင်ရောက်ခဲ့ရာတွင် စင်ကာပူနိုင်ငံက ဒေါ်လာ ၂၄ ဒသမ ၄ ဘီလျံကျော်ဖြင့် အများဆုံးဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

၂၀၂၁ ခုနှစ် နိုဝင်ဘာလကုန်အထိ မြန်မာနိုင်ငံအတွင်းသို့ စုစုပေါင်းနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၉၂ ဒသမ ၈ ဘီလျံ ဝင်ရောက်ခဲ့မှုတွင် နိုင်ငံအလိုက် ဝင်ရောက်မြှုပ်နှံထားမှုအနေဖြင့် စင်ကာပူနိုင်ငံက ဒေါ်လာ ၂၄၄၆၁ ဒသမ ၈၁၀ သန်း( ၂၄ ဒသမ ၄ ဘီလျံကျော်)၊ တရုတ်နိုင်ငံက ဒေါ်လာ ၂၁၆၅၅ ဒသမ ၁၆၃ သန်း(၂၁ ဒသမ ၆ ဘီလျံကျော်)၊ ထိုင်းနိုင်ငံကဒေါ်လာ ၁၁၅၁၂ ဒသမ ၅၂၃ သန်း(၁၁ သမ ၅၁၂ ဘီလျံ)၊ ဟောင်ကောင်က ဒေါ်လာ ၉၇၈၃ ဒသမ ၁၅၉ သန်း(၉ ဒသမ ၇၈၃ ဘီလျံ)၊UK က ဒေါ်လာ ၇၄၇၁ ဒသမ ၀၂၉ သန်း(၇ ဒသမ ၄၇၁ ဘီလျံ)ဖြင့် အများဆုံးရင်းနှီးမြှုပ်နှံထားကြသည်။

တောင်ကိုရီးယားက ဒေါ်လာ ၄၁၂၀ ဒသမ ၇၃၂ သန်း၊ ဗီယက်နမ်က ဒေါ်လာ ၂၂၂၄ ဒသမ ၂၂၆ သန်း၊ မလေးရှားက ဒေါ်လာ ၁၉၇၀ ဒသမ ၂၀၁ သန်း၊ ဂျပန်က ဒေါ် လာ ၁၈၅၀ ဒသမ ၃၉၀ သန်း၊ နယ်သာလန်က ဒေါ်လာ ၁၅၇၂ ဒသမ ၁၂၁ သန်း၊ အိန္ဒိယက ဒေါ်လာ ၇၇၃ ဒသမ ၀၃၈ သန်း၊ USA က ဒေါ်လာ ၅၇၄ ဒသမ ၇၁၆ သန်း၊ ပြင်သစ်က ဒေါ်လာ ၅၅၅ ဒသမ ၈၆၀ သန်း၊ အင်ဒိုနီးရှားက ဒေါ်လာ ၂၈၃ ဒသမ ၀၅၇ သန်း၊ ကနေဒါက ဒေါ်လာ ၂၀၃ ဒသမ ၅၉၄ သန်း၊ တိုင်ပေက ဒေါ်လာ ၁၉၈ ဒသမ ၃၂၃ သန်းစသည်ဖြင့် စုစုပေါင်း ၅၂ နိုင်ငံက လာရောက်ရင်းနှီးမြှုပ်နှံထားသည်။

လျှပ်စစ်ယာဉ်များထုတ်လုပ်သည့်လုပ်ငန်း၊ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားရှစ်မျိုးကို ဦးစားပေးဆောင်ရွက်မည်ဖြစ်သဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် အောက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အမျိုးအစားများကို အဆိုပြုလွှာတင်ပြလာပါက ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အဆိုပြုလွှာများတင်ပြကြရန် ဖိတ်ခေါ်ထားသည်။ ယင်းလုပ်ငန်းများမှာ(က) ဓာတ်မြေဩဇာထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (ခ) ဘိလပ်မြေထုတ်လုပ်ခြင်းလုပ်ငန်းများ (ဂ) သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းများ (ဃ) စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း၊ အဆိုပါလုပ်ငန်းများနှင့်ဆက်စပ်သည့်လုပ်ငန်းများ (င) တန်ဖိုးမြှင့်စားသောက်ကုန်များ ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ (စ) လျှပ်စစ်ယာဉ်များထုတ်လုပ်သည့်လုပ်ငန်းများ (ဆ) ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ၊ (ဇ) အများပြည်သူသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည်။

အထက်ပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကဏ္ဍများတွင် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူများနှင့် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူများအနေဖြင့် အဆိုပြုလွှာတင်ပြလာပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့က လိုအပ်သည်များကူညီမည်ဟု သိရသည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနေဖြင့် လျှပ်စစ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၃၁၂၁ သန်းကျော်ဖြင့် အများဆုံးဖြစ်ပြီး၊ စက်မှုကဏ္ဍတွင် ဒေါ်လာ ၂၈၆ သန်းကျော်ဖြင့် ဒုတိယအများဆုံးဖြစ်ကာ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတွင် ဒေါ်လာ ၁၃၃ သန်းကျော်ဖြင့် တတိယအများဆုံးဖြစ်သည်။

၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေး ခုနစ်ကြိမ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး ၇၄ ကြိမ် ကျင်းပပြုလုပ်ခဲ့ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုလုပ်ငန်း ၂၂ ခု၊ အတည်ပြုလုပ်ငန်း ၂၆ ခု၊ စုစုပေါင်း ၄၈ ခု ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှုဒေါ်လာ ၃၇၉၁ ဒသမ ၃၉၈ သန်း ခွင့်ပြုခဲ့သည်။

**Source:** https://news-eleven.com/article/223379

## မိုးကြက်သွန်အထွက်နှုန်းကောင်းမွန်သဖြင့် တောင်သူများအဆင်ပြေနေ



ယခုနှစ်အတွင်း မိုးကြက်သွန် စိုက်ပျိုးသူအများစုမှာ အထွက်နှုန်း ကောင်းမွန်သဖြင့် စိုက်ပျိုးရကျိုးနပ်နေကြောင်း စစ်ကိုင်းတိုင်းဒေသကြီးရှိ ကြက်သွန်စိုက်ပျိုးသူများထံမှ သိရသည်။ "မိုးကြက်သွန်တွေက တူးတဲ့လူတွေတူးကုန်ကြပြီ။ ဒီနေ့စတူးတဲ့သူလည်းရှိတယ်၊ မနေ့ကမှ စတူးတဲ့သူလည်းရှိတယ်။ ဇန်နဝါရီလကုန်လောက်မှ ပေါ်မယ့်သူတွေလည်း ရှိတာပေါ့နော်။ အခုပေါ်နေတဲ့ ကြက်သွန်တွေက စက်တင်ဘာလလယ်လောက်က စိုက်ထားတဲ့အခင်းတွေပါ။ အခုလောလောဆယ်အရပြောရရင် မိုးကြက်သွန်ဈေးက မဆိုးပါဘူး။ စိုက်ရကျိုးနပ်ပါတယ်။ ဈေးနှုန်းတွေက ဖြည်းဖြည်းချင်း တက်နေပါတယ်။ ဒီနှစ်မှာ ရာသီဥတုလည်း မဖောက်ပြန်တဲ့အတွက် ဆေးလည်းသိပ်မသုံးခဲ့ရဘူး။ အထွက်နှုန်းလည်း သိပ်မဆိုးဘူးပြောရမယ်"ဟု စစ်ကိုင်းတိုင်း

ဒေသကြီး၊ ဝက်လက်မြို့နယ်၊ တည်တောရွာမှ သီးနှံစုံစိုက်ပျိုးသူ ကိုလွှမ်းမိုးအောင်ကပြောသည်။ လက်ရှိဈေးကွက်အတွင်း အရည်အသွေးကောင်း ပခုက္ကူကြက်သွန်တစ်ပိဿာလျှင် ၅၅၀ ကျပ်မှ ၆၀၀ ကျပ်၊ ရွှေဘိုကြက်သွန် တစ်ပိဿာလျှင် ၆၅၀ ကျပ်မှ ၇၀၀ ကျပ်၊ မြစ်သားကြက်သွန် တစ်ပိဿာလျှင် ၉၀၀ ကျပ်မှ ၉၅၀ ကျပ် ဈေးနှုန်းများ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။ "ပုံမှန်ကတော့ ကြက်သွန်နီက စိုက်ပျိုးပြီး ၃ လခွဲအကြာမှာ တူးဖော်ရောင်းချကြပါတယ်။ ကြက်သွန်ဈေးတွေက အရည်အသွေးနဲ့ အလုံးလှမလှအပေါ်လည်း မူတည်တယ်။ ရွှေဘိုနယ်က ကြက်သွန်ထက် မြစ်သားကြက်သွန်က ပိုဈေးကောင်းရတယ်။ မြစ်သားကြက်သွန်က ဥလုံးလေးတွေ ပိုလှတယ်။ ကျွန်တော်တို့ ရွှေဘိုကြက်သွန်ကျတော့ မြစ်သားကြက်သွန်လောက်လည်း အသားမနုဘူး၊ ပခုက္ကူကြက်သွန်လောက်လည်း အသားမကြမ်းဘူး။ အလယ်အလတ်ပါပဲ"ဟု ၎င်းက ဆက်လက်ပြောသည်။

ကြက်သွန်နီကို မြန်မာနိုင်ငံအလယ်ပိုင်း (ဆိပ်ဖြူ၊ ပခုက္ကူ၊ မြင်းခြံ၊ မြစ်သား၊ ကျောက်ဆည်၊ ရွှေဘို) စသည့်ဒေသများတွင် အဓိကစိုက်ပျိုးကြပြီး၊ သွင်းအားစုစရိတ်အတက်အကျနှင့် ရာသီဥတုအခြေအနေတို့အပေါ်မူတည်၍ တစ်ဧကစိုက်ပျိုးစရိတ် စုစုပေါင်း ကျပ်(၆)သိန်းမှ ကျပ်(၈)သိန်းဝန်းကျင် ကုန်ကျနိုင်ကြောင်းသိရှိရသည်။

**Source:** https://greenwaymyanmar.com/posts/onion_yield_is_high

## ဇန်နဝါရီ ပထမပတ်၏ ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

**အာလူးဈေးနှုန်းများ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၃၀.၁၂.၂၀၂၁ မှ ၇.၁.၂၀၂၂)နေ့အထိ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့မှ အာလူးများ ဝင်ရောက်လျှက်ရှိရာ ဇန်နဝါရီ ၇ ရက်နေ့တွင် အောင်ပန်းမြို့မှ ဝင်ရောက်လာသော အာလူးတစ်ပိဿာဈေးနှုန်းများမှာ အာလူး A1 ကျပ် ၁၈၀၀ ၊ အာလူး OK ကျပ် ၁၉၀၀ ၊ အာလူး S1 ကျပ် ၂၀၀၀၊ အာလူး S2 ကျပ် ၂၂၀၀ ဈေးနှုန်းအသီးသီးဖြစ်သည်။ အောင်ပန်းအာလူးဈေးမှာ ယခင်အပတ်ဈေးနှုန်းထက် အာလူး OK နှင့် S2 တို့မှာ ကျပ် ၁၀၀၊ အာလူး S1 ကျပ်၂၀၀ စီခန့် အသီးသီးဈေးကျဆင်းခဲ့သည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှ ကားအစီးရေ ၆ စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးရေစုစုပေါင်း ၃၁စီး ဝင်ရောက်ခဲ့ပြီး၊ တစ်နေ့လျှင် ပျမ်းမျှအာလူးပိဿာချိန် ၃၇၂၀၀ ပိဿာနှင့် တစ်ပတ်အတွင်း စုစုပေါင်း ပိဿာချိန် ၁၈၆၀၀၀ ပိဿာ ဝင်ရောက်ခဲ့သည်။ ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များမှ ဝယ်ယူခဲ့ကြကြောင်းသိရသည်။

**ကြက်သွန်ဖြူဈေးနှုန်းများ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၃၀.၁၂.၂၀၂၁ မှ ၇.၁.၂၀၂၂) နေ့အထိ ရှမ်းပြည်နယ် အောင်ပန်းမြို့မှ ကြက်သွန်ဖြူများ ဝင်ရောက်လျှက်ရှိရာ ဇန်နဝါရီ ၇ ရက်နေ့ အောင်ပန်းမြို့မှ ဝင်ရောက်လာသော ကြက်သွန်ဖြူ တစ်ပိဿာဈေးနှုန်းများမှာ ကြူကုတ် ( ရှယ် ) ကျပ် ၄၇၀၀ ၊ အောင်ပန်း ( ထူး-၂ ) ကျပ် ၁၅၀၀၊ (ထူး-၃) ကျပ် ၂၀၀၀၊ (ထူး-၄) ကျပ် ၂၅၀၀၊ (ထူး-၅) ကျပ် ၃၀၀၀ ဈေးနှုန်းအသီးသီးဖြစ်ပြီး ယခင်အပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်၍ အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ရန်ကုန်မြို့ဒေသအတွင်း လက်လီပြန်လည်ရောင်းချသူများမှ ဝယ်ယူခဲ့ကြကြောင်းသိရသည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ (ကြူကုတ်) အိတ်ပေါင်း ၈၂၀၀ ( ၂၄၆၀၀၀ ပိဿာ)နှင့် အောင်ပန်း ကြက်သွန်ဖြူအိတ်ပေါင်း ၇၃၀၀(၁၅၉၀၀၀ ပိဿာ) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်နီဈေးနှုန်းများ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၃၀.၁၂.၂၀၂၁ မှ ၇.၁၂.၂၀၂၂) နေ့အတွင်း ဆိတ်ဖြူ၊ မြင်းခြံ၊ ပခုက္ကူနှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိပြီး ဇန်နဝါရီ ၇ ရက်နေ့တွင် ဆိတ်ဖြူမြို့ မှ ဝင်ရောက်လာသော ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိတ်ဖြူ (ရှယ်စ) ကျပ် ၈၅၀၊ လတ်ကြီး ကျပ် ၇၅၀၊ လက်သန့် ကျပ် ၅၅၀၊ လတ်ချော ကျပ် ၃၀၀ ဈေးနှုန်း အသီးသီးဖြစ်သည်။ ကြက်သွန်နီဈေးနှုန်းမှာ ယခင်တစ်ပတ် ဈေးနှုန်းထက် ဆိတ်ဖြူ (ရှယ်စ) ကျပ် ၅၀၊ လတ်ကြီး ကျပ် ၂၅၀၊ လတ်သန့် ကျပ် ၂၀၀ နှင့် လတ်ချော ကျပ် ၁၅၀ခန့် ဈေးမြင့်တက်ခဲ့သည်။ ရန်ကုန်မြို့ဒေသတွင်းလက်လီပြန်လည်ရောင်းချသူများမှ ဝယ်ယူခဲ့ကြကြောင်းသိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တစ်နေ့လျှင် ပျမ်းမျှ ကားအစီးရေ ၃၀ စီးခန့်နှင့် တစ်ပတ် အတွင်း ကားစီးရေ စုစုပေါင်း ၁၅၃ စီး ဝင်ရောက်ခဲ့ပြီး တစ်နေ့လျှင် ကြက်သွန်နီ ပျမ်းမျှ ပိဿာချိန် ၈၈၅၆၀၀ ပိဿာဝင်ရောက်ခဲ့ပြီး တစ်ပတ်အတွင်း စုစုပေါင်း ပိဿာချိန် ၄၄၂၈၀၀၀ ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source:** ပြည်တွင်းကုန်သွယ်မှုဇဟိုဌာန

## မန္တလေးတိုင်းဒေသကြီးအတွင်း မိုးကြက်သွန်နီသစ်များ ဈေးကွက်သို့ဝင်ရောက်လာ

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ဒုတိယပတ်မှစတင်၍ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဥစိုက်နှင့် ပျိုးပင်စိုက် ကြက်သွန်နီများထွက်ပေါ်လျှက်ရှိပြီး ဈေးကွက်သို့ စတင်ဝင်ရောက်နေကြောင်းသိရသည်။

တိုင်းဒေသကြီးအတွင်း ကြက်သွန်နီအများဆုံးစိုက်ပျိုးသောဒေသမှာ မြင်းခြံခရိုင်ဖြစ်ပြီး၊ မိတ္ထီလာခရိုင်တွင် ဒုတိယ အများဆုံးစိုက်ပျိုးပါသည်။ စိုက်ပျိုးမှုနည်းသော်လည်း အရည်အသွေးကောင်း ကြက်သွန်နီများထွက်သည့် ကျောက်ဆည်ခရိုင်ရှိ မြို့နယ်များဖြစ်သည့် စဉ့်ကိုင်၊ မြစ်သားနှင့်ဝမ်းတွင်းတို့တွင်စိုက်ပျိုးသည့် ပျိုးပင်စိုက်ကြက်သွန်နီများမှာ အစောဆုံးထွက် ပေါ်လေ့ ရှိပြီး ယခုအချိန်တွင် စတင်ဝင်ရောက်နေပြီဖြစ်သည်။ ယခုထွက်ပေါ်နေသည့် မိုးကြက်သွန်နီများမှာ တာရှည်အထားမခံသဖြင့် ကြာရှည်သိုလှောင်ခြင်းမပြုပဲ ဈေးကွက်အတွင်းသို့ ချက်ချင်းရောင်းချကြပြီး နွေစိုက်ကြက်သွန်နီများ ထွက်ပေါ်မှသာ လှောင်လက်များဝယ်ယူ သိုလှောင်ကြသည်။

၂၀၂၁-၂၀၂၂ ခုနှစ် ကြက်သွန်နီစိုက်ပျိုးရာသီတွင် အလုပ်သမားခဈေးမြင့်တက်ခြင်းမရှိသော်လည်း စိုက်ခင်းတွင်ထည့်ရ သည့် သွင်းအားစုဈေးမြင့်တက်လာခြင်းကြောင့် စိုက်ကေများလျော့ပြီး အထွက်နှုန်းလည်းနည်းကြောင်းသိရသည်။ ယခုထွက်ရှိ နေသည့် မိုးကြက်သွန်နီကို စားသုံးသူဈေးကွက်ဖြစ်သည့် ရန်ကုန်နှင့်မြဝတီဘက်သို့တင်ပို့နေကြောင်းသိရသည်။

မန္တလေးဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာဈေးနှုန်းများမှာ လက်ကားဈေး ကျပ် ၃၀၀/ ၄၀၀/၅၀၀၊ လက်လီဈေး ကျပ် ၁၀၀၀/၈၀၀/၆၀၀/၅၀၀ ကျောက်ဆည်ဈေးကွက်တွင် နွေကြက်သွန်နီ (အဟောင်း) တစ်ပိဿာ လက်ကားဈေး ကျပ် ၂၀၀ / ၃၀၀ /၄၀၀၊ လက်လီ ဈေးနှုန်းကျပ် ၃၀၀/၄၀၀/၅၀၀၊ မိုးကြက်သွန်နီ(အသစ်)လက်ကားဈေးတစ်ပိဿာ ကျပ် ၅၀၀/ ၆၀၀ / ၇၀၀၊ လက်လီဈေးတစ်ပိဿာ ကျပ် ၆၀၀/ ၇၀၀/၈၀၀ ဖြင့် လတ်တလောအရောင်းအဝယ်ဖြစ်နေသည်။ မိုးကြက်သွန်နီများမှာ အဝင် နည်းနေသေးကြောင်းသိရသည်။

မြင်းခြံဈေးကွက်တွင် ယခင်နှစ် နွေကြက်သွန်နီ (အဟောင်း) တစ်ပိဿာလျှင် လက်ကားဈေး ကျပ်၁၅၀/၂၀၀/ ၃၀၀၊ လက်လီဈေး ကျပ် ၂၅၀မှ ၃၅၀၊ မိုးကြက်သွန်နီ (အသစ်) တစ်ပိဿာလျှင် လက်ကားဈေး ကျပ် ၃၀၀/၅၀၀/၆၀၀၊ လက်လီဈေးနှုန်း ကျပ် ၃၀၀/၇၅၀/၈၀၀ ဖြင့် ရောင်းဝယ်နေကြောင်းသိရသည်။ နွေကြက်သွန်နီမှာ ယခင်နှစ်သီးနှံဖြစ်၍ သိုလှောင်ချိန် နှစ်ကာလ ကြာမြင့်နေပြီဖြစ်၍ အရောင်မလှခြင်း၊ အညှောင့်ထွက်ခြင်းများကြောင့် အရည်အသွေးအလိုက် ဈေးအနိမ့်အမြင့်ဖြင့် ရောင်းဝယ် နေကြောင်း၊ တစ်ရက်လျှင်ကုန်ချိန်ပိဿာ နွေကြက်သွန်နီ ၁၅၀၀၀ မှ ၂၀၀၀၀ ခန့်၊ မိုးကြက်သွန်နီ ၁၀၀၀၀၀မှ ၁၈၀၀၀၀ခန့်ဖြင့် နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။

**Source:** ရတနာပုံကုန်သွယ်မှုဇဟိုဌာန

## ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းများ၏ ၈၄ % ခန့်က ၂၀၂၂ ခုနှစ်တွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများရှိသည်ဟု မျှော်လင့်ကြောင်းသိရ

ဂျပန်စီးပွားရေးလုပ်ငန်းများ၏ ၈၄ % ခန့်က ၂၀၂၂ ခုနှစ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု နှုန်းထားကျဆင်းသွားပြီး တစ်ဦးချင်းစားသုံးမှုနှုန်းများလည်း ပြန်လည်မြင့်တက်လာမည်ဖြစ်၍ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာများရှိသည် ဟုမျှော်လင့်နေကြကြောင်းကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်နေ့တွင်ထုတ်ပြန်ခဲ့သည့် ကျိုဒိုသတင်းဌာနမှ ဆောင်ရွက်သည့် စစ်တမ်းအဖြေများအရ သိရပါသည်။

Toyota Motor Corp. နှင့် SoftBank Group Corp.တို့အပါအဝင် ကုမ္ပဏီပေါင်း ၁၀၆ ခု အပေါ်စစ်တမ်းကောက်ယူခဲ့ ရာတွင် ကုမ္ပဏီ ၁၃ ခုကသာ ကူးစက်ရောဂါနှင့်ပတ်သက်၍ စိုးရိမ်မှုများရှိနေပြီး ဂျပန်နိုင်ငံ၏စီးပွားရေးသည် ဆက်လက်

ကျဆင်းမည့် အလားအလာရှိသည်ဟု ခန့်မှန်းထားကြောင်းသိရပါသည်။ ကုန်ကြမ်းပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်း၊ စားသုံးသူများ၏ သုံးစွဲမှုနှုန်း လျော့ကျနေဆဲဖြစ်သည်ဟုယူဆခြင်းနှင့် လက်ရှိ၌ Omicron ဗိုင်းရပ်စ်မျိုးကွဲသစ်ကူး စက်မှုများ ရှိနေဆဲဖြစ်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးတိုးတက်လာမှုနှုန်း သိသိသာသာမြင့်တက်လာနိုင်မည်မဟုတ်ဟု ယူဆကြောင်း သိရပါသည်။

ကုမ္ပဏီ ၈၄ ခုကမူ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံ့စီးပွားရေးမှာ အလယ်အလတ်နှုန်းထားဖြင့် တိုးတက်လာမည်ဟု မျှော်မှန်းထားကြောင်း၊ ကုမ္ပဏီ ၅ ခုမှာထိုထက်ပို၍ စီးပွားရေးတိုးတက်လာနိုင်သည်ဟု မျှော်လင့်ကြောင်း ဖြေကြားထားပါသည်။ ထိုကဲ့သို့ မျှော်မှန်းချက်ရှုဒေါင့်မျိုးစုံမှ ဖြေကြားချက်များအရ ကုမ္ပဏီအားလုံး၏ ၉၁ % မှ စားသုံးသူများ၏ တစ်ဦးချင်းသုံးစွဲမှုအနေအထားမှာ သိသိသာသာမြင့်တက်လာနိုင်သည်ဟု ယူဆကြောင်း၊ ၆၄% မှာ ဗိုင်းရပ်စ်ကြောင့် ယိမ်းယိုင်နေသည့် နိုင်ငံ့စီးပွားရေးမှာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိလာမည်ဟုမျှော်မှန်းကြောင်း၊ ၃၅% ကမူ ငွေလုံးငွေရင်းပိုင်း ရင်းနှီးမြှုပ်နှံမှုမှာ ပြန်လည်မြင့်တက်လာမည်ဟုယူဆကြောင်း၊ ၁၉ % မှာ အမေရိကန်နိုင်ငံ၏ စီးပွားရေးပြန်လည် နာလန်ထူလာမှုအပေါ် မျှော်လင့်ကြောင်း သိရပါသည်။

ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ်က ကျိုဒိုသတင်းဌာနမှ ဆောင်ရွက်ခဲ့သော အလားတူစစ်တမ်းအရ ကမ္ဘာ့တတိယအကြီးဆုံး စီးပွားရေးအင်အားကြီးနိုင်ငံ၏ စီးပွားရေးနာလန်ထူလာမှုအပေါ် ကုမ္ပဏီအားလုံး၏ ၇၄ % ခန့်မှ မျှော်မှန်းခဲ့ကြောင်း သိရပါသည်။

ဝန်ကြီးချုပ် Fumio Kishida မှ နိုင်ငံ၏ စီးပွားရေးနဂိုမူလအခြေအနေပြန်လည်ရောက်ရှိရန် ကြိုးပမ်းနေစဉ် လက်ရှိ စတင်ပြန့်ပွားနေသည့် Omicron ဗိုင်းရပ်စ်မျိုးကွဲသစ် ကူးစက်မှုကို တတ်နိုင်သမျှ အနည်းဆုံးအနေအထားသို့ လျှော့ချရန် အားထုတ်ဆောင်ရွက်သွားမည်ဟု သံဓိဋ္ဌာန်ပြုထားပါသည်။

၂၀၂၁ ခုနှစ်၊ နွေရာသီ အိုလံပစ်အားကစားပွဲတော်ကို လက်ခံကျင်းပခဲ့သည့်အချိန်၌ ပဉ္စမအကြိမ်မြောက် ကိုရိုနာကူးစက်မှုလှိုင်းနှင့် ရင်ဆိုင်ခဲ့ရစဉ် ဂျပန်အစိုးရသည် နိုင်ငံတစ်ဝှမ်းအား အရေးပေါ်အစီအမံကြေငြာခဲ့ပြီး ပြည်သူများကို မလိုအပ်ဘဲနေအိမ်ပြင်ပသို့သွားရောက်ခြင်း၊ တစ်ဦးနှင့်တစ်ဦးနီးကပ်စွာ နေထိုင်ခြင်းများ ရှောင်ရှားရန် တိုက်တွန်းခဲ့ပါသည်။

အောက်တိုဘာလ ၁ ရက်နေ့တွင် ၎င်းအရေးပေါ်အစီအမံအားရုတ်သိမ်းခဲ့ပြီး လုပ်ငန်းအားလုံးပြန်လည် ဖွင့်လှစ်ခွင့်ပြုခဲ့သည့်နောက်တွင် တည်းခိုနေထိုင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းနှင့် စားသောက်ဆိုင်လုပ်ငန်းစသည့် အပန်းဖြေမှုဆိုင်ရာ လုပ်ငန်းကဏ္ဍများသည် ကူးစက်ရောဂါမတိုင်မီအခြေအနေသို့ ပြန်လည်ရောက်ရှိလာမည်ဟု မျှော်လင့်ထားပါသည်။ စစ်တမ်းဖြေကြားသည့် ကုမ္ပဏီများအနက် စားသောက်ကုန်လုပ်ငန်းဆောင်ရွက်သူ ကုမ္ပဏီတစ်ခုမှ ဂျပန်အစိုးရ၏ ကိုရိုနာ ဗိုင်းရပ်စ်တုန့်ပြန်ရေးအစီအမံများမှာ လုံလောက်မှုမရှိကြောင်း၊ သို့ဖြစ်ရာ ဗိုင်းရပ်စ်မပြန့်ပွားမီအချိန်မှ နိုင်ငံ့စီးပွားရေး တိုးတက်မှုအနေအထားသို့ ပြန်လည်ရောက်ရှိရန် အချိန်ယူရမည်ဖြစ်ကြောင်း ဖြေကြားထားပါသည်။

ဂျပန်နိုင်ငံတွင် ပဉ္စမအကြိမ်မြောက် ကိုရိုနာကူးစက်မှုလှိုင်းကို ရင်ဆိုင်ရပြီးနောက်ပိုင်း ကာကွယ်ဆေးထိုးနှံမှုများ တွန်းအားပေးဆောင်ရွက်ခဲ့ရာ ပြည်တွင်းကူးစက်မှုများ ပြန်လည်ကျဆင်းသွားခဲ့ပါသည်။ သို့သော် လတ်တလောပြည်တွင်းရှိ စီရင်စုအချို့၌ Omicron ဗိုင်းရပ်စ်မျိုးကွဲသစ် စတင်ကူးစက်ပြန့်ပွားနေပြီဖြစ်သဖြင့် ဆဋ္ဌမလှိုင်း တဖန်ပြန်လည်ကူးစက်လာနိုင်မှုအပေါ် စိုးရိမ်မှုများ မြင့်တက်လာလျက်ရှိပါသည်။

ထို့အတူ ဂျပန်နိုင်ငံမှ စားသုံးသူများသည် ကုန်ကြမ်းပစ္စည်းများ ဈေးတက်လာခြင်းနှင့် ဂျပန်ယန်းငွေတန်ဖိုး ကျဆင်းလာခြင်းတို့ကြောင့် နေ့စဉ်အသုံးစရိတ်များ ချွေတာလာကြသည်ကို တွေ့ရပါသည်။

ဝန်ကြီးချုပ် Kishida ၏ အဓိကမူဝါဒရေးရာများနှင့်ပတ်သက်၍ ကျိုဒိုသတင်းဌာနမှ စစ်တမ်းကောက်ယူရာတွင် ကုမ္ပဏီအားလုံး၏ ၅၄ % မှာ ဒစ်ဂျစ်တယ်စနစ်သို့ အသွင်ကူးပြောင်း ရေးကို လက်ခံကြကြောင်း ဖြေကြားခဲ့ကြပါသည်။ ၄၈ % ကမူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံး ချမှုဆိုင်ရာ မူဝါဒကို ထောက်ခံကြောင်း သိရပါသည်။

၂၀၅၀ ပြည့်နှစ်အရောက်တွင် ကာဗွန်ဓာတ်ငွေ့လျှော့ချရေး ရည်မှန်းချက်ကို အောင်မြင်စွာဖော်ဆောင်နိုင်ရန် ဂျပန်အစိုးရ အနေဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချမှုကို ၂၀၁၉ ဘဏ္ဍာနှစ်အတွင်းက အသုံးချမှု ၁၈ % ထက်နှစ်ဆပိုမိုကာ ၂၀၃၀ ဘဏ္ဍာနှစ်အတွင်း ၃၆ % မှ ၃၈ % သို့ ရောက်ရှိရန် ကြိုးပမ်းနေပါသည်။ စစ်တမ်းကောက်ယူထားသည့် ကုမ္ပဏီများ၏ ၃၉% သည် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချမှုကို ၃၅ % မှ ၃၉ % ထိရောက်ရှိရန် ရည်မှန်းထားကြောင်း၊ ကုမ္ပဏီများ၏ ၂၀%

မှာ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးချမှုကို ၄၀ % နှင့်အထက်သို့ ရောက်ရှိသည်အထိ ကြိုးပမ်းသင့်ကြောင်း ဖြေကြားထားပါသည်။

အထက်ဖော်ပြပါ စစ်တမ်းကို ကျိုဒိုသတင်းဌာနမှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလလယ်မှ ဒီဇင်ဘာလအစောပိုင်းအတွင်း၌ ANA Holdings Inc.၊ Seven & i Holdings Co.၊ Nintendo Co. နှင့် Panasonic Corp. အစရှိသည့် ကုမ္ပဏီကြီးများအပါအဝင် ဂျပန်ကုမ္ပဏီ ၁၀၆ ခုအပေါ် ဆောင် ရွက်ခဲ့ခြင်းဖြစ်ပါသည်။

**Source:** https://www.nippon.com/en/news/kd850548247794909184/84-of-firms-in-japan-see-economic-growthin2022.html

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် (၃)နှစ်ဆက်တိုက် ကမ္ဘာ့အဆင့်(၁၀) တွင်ရပ်တည်နိုင်မည်ဟု IMF က ခန့်မှန်းထားမှုအခြေအနေ



နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund) ၏အချက်အလက်များအရ တောင်ကိုရီးယား၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် သုံးနှစ်ဆက်တိုက် အဆင့် (၁၀) နေရာတွင် ဆက်လက်ရပ်တည်နိုင်မည်ဟု ခန့်မှန်းထားကြောင်း လေ့လာသိရှိရပါသည်။ ကိန်းဂဏန်းများအရ တောင်ကိုရီးယား၏ Nominal GDP သည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁.၈၂) ထရီလီယံနှင့် ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (၁.၉၁) ထရီလီယံ အသီးသီးရှိမည်ဟု ခန့်မှန်းထားကြောင်း၊ အဆိုပါခန့်မှန်းချက်များအတိုင်း အကောင်အထည်ဖော်နိုင်ပါက တောင်ကိုရီးယားနိုင်ငံသည် ၂၀၂၀ ပြည့်နှစ်မှစ၍ သုံးနှစ်ဆက်တိုက် ကမ္ဘာ့စီးပွားရေးအင်အားကြီး (၁၀)ခုမြောက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နိုင်မည်ဖြစ်ကြောင်း IMF က ခန့်မှန်းထားပါသည်။

တောင်ကိုရီးယားနိုင်ငံသည် ရေးယခင်က နှစ်ပေါင်းများစွာ ဆင်းရဲနိမ့်ကျနေခဲ့ပြီးနောက် ၎င်း၏စီးပွားရေးအဆင့်ကို ၂၀၁၈ ခုနှစ်တွင် ကမ္ဘာ့အဆင့် (၁၀)သို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့နောက် ၎င်း၏အဆင့်သည် ၂၀၂၀ ပြည့်နှစ်တွင် အဆင့်(၁၀)သို့ပြန်မရောက်မီ ၂၀၁၉ ခုနှစ်တွင် အဆင့်(၁၂)သို့ ပြန်လည်ကျဆင်းသွားခဲ့ကြောင်း၊ အာရှ၏စတုတ္ထအကြီးဆုံးစီးပွားရေးနိုင်ငံဖြစ်သော တောင်ကိုရီးယားနိုင်ငံသည် ပို့ကုန်များ အားကောင်းစွာတင်ပို့နိုင်မှုနှင့် စားသုံးသူသုံးစွဲမှုများပြန်လည် တိုးတက်ကောင်းမွန်လာခြင်းတို့ကြားတွင် ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ ပြန်လည်နာလန်ထူလာနိုင်သည့် လက္ခဏာများကိုတွေ့ရှိရကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှုနှုန်းကို ယခု ၂၀၂၁ ခုနှစ်တွင် (၄.၃) ရာခိုင်နှုန်းနှင့် လာမည့် ၂၀၂၂ ခုနှစ်တွင် (၃.၃) ရာခိုင်နှုန်းခန့်တိုးတက်နိုင်မည်ဟု IMF က တိုးမြှင့်ခန့်မှန်းထားကြောင်း လေ့လာသိရှိရပါသည်။

၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ၊ တတိယပတ်အတွင်းတွင် တောင်ကိုရီးယားအစိုးရသည် ၂၀၂၂ ခုနှစ်အတွက် နိုင်ငံ့စီးပွားရေးတိုးတက်မှုနှုန်း(GDP)အား ၂၀၂၁ ခုနှစ်၊ ဇွန်လက ခန့်မှန်းခဲ့သည့် (၃) ရာခိုင်နှုန်း အပေါ် (၃.၁) ရာခိုင်နှုန်းအထိ တိုးမြှင့်ပြန်လည် ပြင်ဆင်ခဲ့ကြောင်း၊ စီးပွားရေးရာ မသေချာမရေရာမှုများ မြင့်မားနေဆဲဖြစ်သော်လည်း ပို့ကုန်နှင့်ပုဂ္ဂလိကကဏ္ဍ အသုံးစရိတ်များကို သုံးစွဲခွင့်ပြု၍ ဆက်လက် ပံ့ပိုးရမည်ဖြစ်ကြောင်း သတင်းများအရ သိရှိရပါသည်။

Source: **The Korea Times (27-12-2021)**

**ဝင်းပပသူ (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့)**

## ၂၀၂၁ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၇.၂ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနက ကြိုတင်ခန့်မှန်းချက်ထုတ်ပြန်

ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၃-၁-၂၀၂၂ ရက်နေ့ သတင်းထုတ်ပြန်ချက်အရ စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၁ ခုနှစ်၊ စတုတ္ထ(၃)လပတ်တွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ် တစ်နှစ်လုံးတွင် ၇.၂ ရာခိုင်နှုန်း တိုးတက်မှုဖြစ်ပေါ်ခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၀ ပြည့်နှစ်တွင် သမိုင်းတစ်လျှောက် အဆိုးရွားဆုံးစီးပွားရေးကျဆင်းမှုနှင့် ရင်ဆိုင်ခဲ့ရသောအခြေအနေမှ ၂၀၂၁ ခုနှစ်တွင် စီးပွားရေးပြန်လည်ဦးမော့လာခဲ့ခြင်းဖြစ်ပါသည်။ ၂၀၂၀ ပြည့်နှစ်အခြေအနေနှင့်နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်တွင် လုပ်ငန်းကဏ္ဍအားလုံးတွင် တိုးတက်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း ဆောက်လုပ်ရေး၊ လက်လီရောင်းဝယ်ရေး၊ ပို့ဆောင်ရေး၊ တည်းခိုနေထိုင်ရေး၊ အစားအသောက်ဝန်ဆောင်မှု၊ အိမ်ခြံမြေ၊ စီမံခန့်ခွဲမှုနှင့် ထောက်ပံ့ရေးဝန်ဆောင်မှုစသည့် လုပ်ငန်းကဏ္ဍတို့မှာ ကိုဗစ် ၁၉ ကပ်ရောဂါမတိုင်မီကာလတွင်ဖြစ်ပေါ်ခဲ့သော တိုးတက်မှုနှုန်းများထက် လျော့နည်းနေဆဲဖြစ်ပါသည်။ ပြည်တွင်းနှင့်နိုင်ငံတကာတွင် လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ်မူတည်၍ စင်ကာပူနိုင်ငံ၏ စီးပွားရေးသည် ၂၀၂၂ ခုနှစ်တွင် ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းဘောင်အတွင်း တိုးတက်မှုရရှိနိုင်သည်ဟု ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာနမှ ၂၄ -၁၁ -၂၀၂၁ ရက်နေ့တွင် ကြိုတင်ခန့်မှန်းချက်ထုတ်ပြန်ထားပါသည်။

**Source: Ministry of Trade and Industry, Singapore**

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## STOCK EXCHANGE (7.1.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,300 | +200 | +2.47% | 8,300 | 8,300 | 8,300 | 1,315 | 10,914,500 | 33,109,694 | 274,810 |
| MTSH | 00002 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,000 | 2,735 | 8,217,750 | 38,929,150 | 118,734 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,000 | 19,500 | 19,000 | 362 | 7,010,500 | 2,472,053 | 48,205 |
| TMH | 00005 | 2,600 | +400 | +18.18% | 2,600 | 2,600 | 2,600 | 194 | 504,400 | 12,823,224 | 33,340 |
| EFR | 00006 | 2,950 | +50 | +1.72% | 2,950 | 2,950 | 2,950 | 4 | 11,800 | 19,977,223 | 58,933 |
| AMATA | 00007 | 5,700 | -100 | -1.72% | 5,800 | 5,800 | 5,700 | 16 | 91,400 | 10,497,598 | 59,836 |


### Market summary

As of 7th Jan. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 388.01 | +6.73 | +1.77% | 380.57 | 388.01 | 380.57 | 4,626 | 26,750,350 | 7 | 674,986 |

**Index chart**



## Market Overview

### Main Board

As of 1:00 pm, 7th Jan. 2022

| MYANPIX | 388.01 ▲ 6.73 |
|---|---|
| Total Volume (shares) | 4,626 |
| Total Value (MMK) | 27 mil |
| Listed Company | 7 |
| Market Cap. (MMK) | 674,986 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,300 | ▲ 200 |
| MTSH | 00002 | 3,050 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 400 |
| EFR | 00006 | 2,950 | ▲ 50 |
| AMATA | 00007 | 5,700 | ▼ 100 |

TIR